Network for Democracy and Development
Documentation and Research Department

P.O Box 179, Mae Sod, Tak, 63110, Thailand. Tel: 66 (0) 81 7241 281. E-mail: ndddrd07@csloxinfo.com

# အပါတ်စဉ် ပြည်တွင်းသတင်း သုံးသပ်ချက်
## အမှတ်စဉ် (၃၄၆)

## “ကြပ်ပြေး နန်းတွင်းအရှုတ်တော်ပုံ အမှတ်(၂၆)”

စစ်အုပ်စုအတွင်းမှာပေါ်ပေါက်နေတဲ့ အကွဲအပြဲတွေနဲ့ မြန်မာပြည်တလွှားမှာ ဖြစ်ပွားနေတဲ့ လက်သည်မပေါ်တဲ့ ဗုံးပေါက်ကွဲမှုဖြစ်စဉ်တွေကြောင့် နအဖစစ်ခေါင်းဆောင်တွေနဲ့ မိသားစုတွေရဲ့လုံခြုံရေးအတွက် တရုတ်နိုင်ငံ ထောက်လှမ်းရေးအဖွဲ့က နအဖစစ်အစိုးရကို မကြာခဏ သတိပေးမှုတွေပြုလုပ်ခဲ့တာ တွေ့ရှိရပါတယ်။

အထိအခိုက် အသေအပျောက်များပြားခဲ့တဲ့ ၂၀၀၅ ခုနှစ် မေလ ရန်ကုန်ဗုံးပေါက်ကွဲမှုတွေမတိုင်ခင် အဲဒီနှစ် မတ်လလောက်ကတည်းက တရုတ်ထောက်လှမ်းရေးအဖွဲ့က နအဖကို စတင်သတိပေးခဲ့တာဖြစ်ကြောင်း သိရှိရပါတယ်။ ရန်ကုန်နဲ့ မန္တလေးမြို့တွေမှာ အကြမ်းဖက် ဗုံးခွဲ တိုက်ခိုက်မှုတွေ ထပ်မံဖြစ်ပွားနိုင်တဲ့အပြင် နအဖအကြီးအကဲ ဗိုလ်ချုပ်ကြီးတွေနဲ့ သူတို့မိသားစုတွေရဲ့ မြန်မာပြည်မြောက်ပိုင်းနဲ့ မြစ်ဝကျွန်းပေါ်ခရီးစဉ်တွေမှာ လုပ်ကြံသတ်ဖြတ်ဖို့ကြိုးပမ်းမှုတွေ ပေါ်ပေါက်နိုင်တယ်ဆိုပြီး သတိပေးခဲ့တာဖြစ်ပါတယ်။

နအဖက ၂၀၀၄ ခုနှစ် အောက်တိုဘာလမှာ ဗိုလ်ချုပ်ကြီးခင်ညွန့် ခေါင်းဆောင်တဲ့ အမျိုးသားထောက်လှမ်းရေးအဖွဲ့ **(NIB)**ကို ဖျက်သိမ်းခဲ့တဲ့အပြင် **(MIS)**လို့ လူသိများတဲ့ စစ်ထောက်လှမ်းရေးတဖွဲ့လုံးကိုလည်း ဖြုတ်ထုတ်ရှင်း လုပ်ခဲ့တာကြောင့် နအဖဗိုလ်ချုပ်ကြီးတွေကလည်း သူတို့ရဲ့လုံခြုံရေးအတွက် လိုအပ်တဲ့သတင်းအချက်တွေရရှိဖို့ တရုတ်နိုင်ငံကို လုံးလုံးလျားလျား မှီခိုအားကိုးနေရတဲ့အချိန်လည်း ဖြစ်ပါတယ်။

တရုတ်ထောက်လှမ်းရေးအဖွဲ့ရဲ့ သတိပေးချက်တွေထဲမှာ အရေးပေါ်အခြေအနေတရပ်နဲ့ ကြုံကြိုက်လာရင် အဆင့်ဆင့် စီမံခန့်ခွဲမှုအတွက် ကြိုတင်ပြင်ဆင်မှုတွေ ပြုလုပ်ထားဖို့၊ အရေးပေါ်သတိပေးမှုအစီအစဉ်တရပ် ရေးဆွဲချမှတ်ထားရှိဖို့၊ လုံခြုံရေးတပ်ဖွဲ့တွေမှာ ခေတ်မီနည်းပညာတွေနဲ့ အထောက်အကူပစ္စည်းတွေကို တပ်ဆင်သုံးစွဲဖို့၊ ဗုံးခွဲတိုက်ခိုက်မှုတွေနဲ့ လုပ်ကြံသတ်ဖြတ်မှုတွေကျူးလွန်ရန် ကြံစည်အားထုတ်နေတဲ့သတင်းတွေကို အချိန်မှီထောက်လှမ်းသိရှိနိုင်ဖို့အတွက် ငွေအင်အားနဲ့ လူအင်အားကို ပိုမိုသုံးစွဲဖို့၊ ဗုံးခွဲတိုက်ခိုက်မှုကို ကာကွယ်တားဆီးနိုင်တဲ့ အစီအမံတွေကို ကြိုတင်စီစဉ်ဆောင်ရွက်ထားဖို့၊ ထောက်လှမ်းရေးနဲ့ လုံခြုံရေးတပ်ဖွဲ့တွေကို ပိုမိုထက်မြက်နေအောင် သင်တန်းပေး လေ့ကျင့်မှုတွေ ပြုလုပ်ထားဖို့၊ စတဲ့အချက်တွေ ပါဝင်ခဲ့ကြောင်းသိရှိရပါတယ်။

အဲဒီလို တရုတ်နိုင်ငံက တဖွဖွသတိပေးတဲ့ကြားက ၂၀၀၅ ခုနှစ် မေ(၇)ရက်နေ့မှာ ရန်ကုန်ဗုံးပေါက်ကွဲမှုတွေ ဖြစ်ပွားခဲ့ရတာဟာ အသစ်ဖွဲ့စည်းလိုက်တဲ့ စရဖ ခေါ် စစ်ဘက်ရေးရာလုံခြုံရေးအဖွဲ့ရဲ့အကြီးအကဲ ဗိုလ်ချုပ်မြင့်ဆွေ၊ ပြည်ထဲရေးဝန်ကြီး ဗိုလ်ချုပ်မောင်ဦးနဲ့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ခင်ရီ တို့ရဲ့ ပေါ့ဆမှုနဲ့ တာဝန်လစ်ဟင်းမှုတွေကြောင့်ဖြစ်တယ်ဆိုပြီး ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနဲ့ ဗိုလ်ချုပ်ကြီးရွှေမန်း တို့က ဝေဘန်ပစ်တင် ပြောဆိုခဲ့ကြပေမဲ့ နအဖအကြီးအကဲ ဗိုလ်ချုပ်မှူးကြီး သန်းရွှေကိုယ်တိုင်က ဘာမှမပြောတဲ့အတွက် တစုံတရာအရေးယူခြင်း မရှိခဲ့ပါဘူး။

အဲဒီနှစ် ဇွန်လမှာ တရုတ်ပြည်သူ့တပ်မတော်က ဗိုလ်ချုပ်ကြီး ဇီအန်ကွိုင်း **(General. Zi Aun Quai)** က အရေးပေါ်အခြေအနေမှာ ချက်ချင်း လက်တုန့်ပြန်နိုင်ဖို့အတွက် “အလျှင်အမြန်တုန့်ပြန်တိုက်ခိုက်ရေးအထူးတပ်ဖွဲ့” တခုကို အမြန်ဆုံးဖွဲ့စည်းထူထောင်ဖို့ နအဖစစ်ခေါင်းဆောင်တွေကို နောက်ဆုံးအကြိမ်အဖြစ်နဲ့ ထပ်မံအကြံပြုခဲ့ကြောင်း သိရှိရပါတယ်။ အဲဒီတပ်ဖွဲ့အတွက် လိုအပ်တဲ့ လေ့ကျင့်သင်တန်းပေးမှုတွေနဲ့ သုတေသနပြုမှုတွေ၊ စစ်လက်နက်ပစ္စည်း တပ်ဆင်ပေးမှုတွေကိုလည်း တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်က တာဝန်ယူပေးမယ်လို့ ကမ်းလှမ်းခဲ့ပါတယ်။

ဒီတကြိမ်မှာတော့ တရုတ်နိုင်ငံရဲ့အကြံပြုချက်ကို ဒုတပ်ချုပ် ဒုဗိုလ်ချုပ်မှူးကြီးမောင်အေး က လက်ခံခဲ့ပြီး ဆက်လက်အကောင်အထည်ဖေါ်ဆောင်ဖို့ ဗိုလ်ချုပ်ကြီး သူရရွှေမန်းကို တာဝန်ပေးအပ်ခဲ့ပါတယ်။ ဒုဗိုလ်ချုပ်မှူးကြီးမောင်အေး က စရဖအကြီးအကဲ ဗိုလ်ချုပ်မြင့်ဆွေရဲ့ ကိုင်တွယ်ဆောင်ရွက်ပုံတွေကို မကြိုက်တာကြောင့် သူ့ကို တာဝန်မပေးဘဲ ဗိုလ်ချုပ်ကြီး သူရ

ရွှေမန်းကို တာဝန်ပေးလိုက်တာဖြစ်တယ်လို့ ဆိုပါတယ်။ ဗိုလ်ချုပ်ကြီးရွှေမန်းက အလျှင်အမြန် တုန့်ပြန်တိုက်ခိုက်ရေး အထူးတပ်ဖွဲ့တခု ဖွဲ့စည်းထူထောင်နိုင်ဖို့အတွက် ကြည်း၊ ရေ၊ လေ တပ်ဖွဲ့တွေထဲက ဗိုလ်မှူးအဆင့်ရှိ လက်ရွေးစင်အရာရှိ (၂၀)ကို စီစစ်ရွေးချယ်ပြီး တရုတ်ပြည်မှာ သင်တန်းတက်ခိုင်းခဲ့ပါတယ်။

တပြည်လုံးမှာရှိတဲ့ စစ်တိုင်းဌာနချုပ်တွေ၊ တပ်မဌာနချုပ်တွေ၊ စစ်ဆင်ရေးကွပ်ကဲမှုဌာနချုပ်တွေနဲ့ ဒေသဆိုင်ရာကွပ်ကဲမှုစစ်ဌာနချုပ်တွေကို အကြမ်းဖက်တိုက်ခိုက်မှုမခံရအောင် လိုအပ်တဲ့လုံခြုံရေးအစီအမံတွေ အမြန်ဆုံးဆောင်ရွက်ပြီး သူ့ထံကို ဇူလိုင်(၃၁)ရက်နေ့မတိုင်မီ ပြန်လည်တင်ပြအစီရင်ခံကြဖို့ အရေးပေါ်ညွှန်ကြားချက်တရပ်ကိုလည်း ထုတ်ပြန်ခဲ့ပါတယ်။

စစ်အာဏာရှင်ဟောင်း ဗိုလ်ချုပ်ကြီးနေဝင်းလက်ထက်မှာ သနက(၄) (ခမရ–၃၀၃) ကို သူနဲ့ သူ့မိသားစုရဲ့လုံခြုံရေးအတွက် အထူးတပ်ရင်းအဖြစ်နဲ့ အသုံးပြုခဲ့ဘူးပါတယ်။ သနက(၄)ဟာ ဗိုလ်ချုပ်ကြီးနေဝင်း နေအိမ်အကျယ်ချုပ်ချခံနေရတဲ့အချိန်အထိ သူ့အပေါ် သစ္စာစောင့်သိခဲ့တာကို တွေ့ရပါတယ်။ ၂၀၀၂ ခုနှစ် မတ်လအတွင်း ဖြစ်ပွားခဲ့တဲ့ ဦးနေဝင်းမိသားစုရဲ့ မအောင်မြင်တဲ့ အာဏာသိမ်းရန်ကြံစည်မှုမှာ လေတပ်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မြင့်ဆွေ(လေ)၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ချစ်သန်း၊ ကမ်းရိုးတန်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အေးကြွေနဲ့ ရဲချုပ် ဗိုလ်မှူးကြီးစိုးဝင်း တို့အပြင် သနက (၄) တပ်ရင်းမှူး ဒုဗိုလ်မှူးကြီးကျော်မြင့် အပါအဝင် တပ်မှူးတပ်သားတချို့လည်း ပါဝင်ပတ်သက်နေတာကိုကြည့်ရင် သိနိုင်ပါတယ်။

န၀တ က ဦးနေဝင်းမိသားစု ဦးဆောင်တဲ့ မအောင်မြင်တဲ့ အာဏာသိမ်းရန်ကြံစည်မှုကို ဖော်ထုတ်အရေးယူခဲ့စဉ်က သနက(၄) တပ်ရင်းတစ်ရင်းလုံးကို လက်နက်ဖြုတ်သိမ်းခဲ့ပါတယ်။ တပ်ဖွဲ့ဝင်တွေနဲ့ မိခိုမိသားစုတွေကို ဖမ်းဆီးထိမ်းသိမ်းပြီး တပ်မ(၁၁)ဌာနချုပ်မှာ စစ်ဆေးမေးမြန်းမှုတွေ ပြုလုပ်ခဲ့ကြောင်း သိရှိရပါတယ်။ အာဏာသိမ်းဖို့ကြံစည်မှုမှာ ပါဝင်ပတ်သက်ခဲ့တဲ့ အရာရှိ၊ အရာခံ၊ အကြပ်တပ်သားတွေကို စစ်ခုံရုံးမှာတင်ပြီး အလုပ်ကြမ်းနဲ့ နှစ်ရှည်ထောင်ဒဏ်တွေ ချမှတ်ခဲ့ပါတယ်။ သူတို့ရဲ့ မိသားစုတွေကိုလည်း တပ်က နှင်ထုတ်ပစ်ခဲ့ပါတယ်။

အဲဒီအချိန်ကစပြီး ထိပ်တန်း စစ်အာဏာရှင်ကြီး(၂)ဦးဖြစ်တဲ့ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနဲ့ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး တို့ဟာ နောက်ကျောမလုံဖြစ်ခဲ့ကြပြီး ကိုယ်ပိုင် ခါးပိုက်ဆောင် လုံခြုံရေးတပ်တွေကို စတင်ဖွဲ့စည်းခဲ့ကြပါတယ်။ ၂၀၀၄ခုနှစ် အောက်တိုဘာလအတွင်း ဗိုလ်ချုပ်ကြီးခင်ညွန့်နဲ့ သူ့ရဲ့ ကက/လှမ်း အဖွဲ့ကို အရေးယူခဲ့ချိန်မှာ အလယ်အလတ် စစ်ထောက်လှမ်းရေးအရာရှိ အများအပြားဟာ အဖမ်းမခံဘဲ၊ ပြည်တွင်းနဲ့ နယ်စပ်ဒေသတွေမှာ ပုန်းအောင်းလှုပ်ရှားခဲ့ကြတဲ့အတွက် နအဖဗိုလ်ချုပ်ကြီးတွေကို ပိုမို စိုးရိမ်ထိပ်လန့်စေခဲ့ပါတယ်။

နအဖဗိုလ်ချုပ်ကြီးတွေဟာ အဲဒီအချိန်ကစပြီး လုံခြုံရေးဆိုင်ရာ သတင်းအချက်အလက်တွေရရှိဖို့ တရုတ်နိုင်ငံကို ပိုမိုမှီခို အားကိုးလာခဲ့ရပါတယ်။ စစ်ထောက်လှမ်းရေးအကြီးအကဲ ဗိုလ်ချုပ်ကြီးခင်ညွန့်ကို အရေးယူပြီးနောက်ပိုင်း တရုတ် ခေါင်းဆောင်ကြီးတွေ မြန်မာပြည်ကို မကြာခဏ လာရောက်ခဲ့ကြတာတွေ့ရသလို နအဖ ထိပ်တန်းဗိုလ်ချုပ်ကြီးတွေကလည်း တရုတ်နိုင်ငံကို တရားဝင်ရော၊ တရားမဝင် ခိုးကြောင်ခိုးဝှက် သွားရောက်တာတွေပါ ပြုလုပ်ခဲ့ကြပါတယ်။

တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်ရဲ့ ဒုတိယကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ဂိုဂျင့်ဖုန်း **(Gen. Ge Zhenfeng)** ခေါင်းဆောင်တဲ့ ထိပ်တန်းစစ်ဘက်ကိုယ်စားလှယ်အဖွဲ့ဟာ ၂၀၀၄ ခုနှစ် ဒီဇင်ဘာ(၁)ရက်နေ့မှာ မြန်မာပြည်ကို လာရောက်ပြီး (၅)ရက်ကြာနေထိုင်ကာ နအဖခေါင်းဆောင်တွေနဲ့ တွေ့ဆုံဆွေးနွေးမှုတွေ ပြုလုပ်ခဲ့ပါတယ်။ နအဖ ကြည်း၊ ရေ၊ လေ၊ ညှိကွပ် ဗိုလ်ချုပ်ကြီး သူရရွှေမန်းနဲ့လည်း နှစ်နိုင်ငံတပ်မတော်တွေအကြား လုံခြုံရေးနဲ့ စီမံခန့်ခွဲရေးဆိုင်ရာ နားလည်မှုစာချွန်လွှာ **(MOU)** ကို လက်မှတ်ရေးထိုးခဲ့ပါတယ်။

ဗိုလ်ချုပ်ကြီးရွှေမန်း ခေါင်းဆောင်တဲ့ ထိပ်တန်းစစ်ဖက်ကိုယ်စားလှယ်အဖွဲ့ကလည်း ၂၀၀၄ခုနှစ် ဒီဇင်ဘာလကုန်ပိုင်းနဲ့ ၂၀၀၅ ခုနှစ် မတ်လအတွင်းမှာ တရုတ်နိုင်ငံကို မကြေငြာဘဲနဲ့ ခိုးကြောင်ခိုးဝှက် သွားရောက်ခဲ့ပြီး တရုတ်ခေါင်းဆောင်တွေနဲ့ လျှို့ဝှက်ဆွေးနွေးခဲ့ကြပါတယ်။ ၂၀၀၅ ခုနှစ် ဇွန်လ ပထမပတ်အတွင်းမှာလည်း နအဖ ဒုတိယကာကွယ်ရေးဝန်ကြီး ဗိုလ်ချုပ်အောင်လှိုင် နဲ့ စစ်ဘက်ကိုယ်စားလှယ်အဖွဲ့တခုဟာ တရုတ်ပြည် ပီကင်းမြို့ကို လျှို့ဝှက်သွားရောက်ခဲ့ပြီး ဇွန်လ(၈)ရက်နေ့မှာ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်က ထိပ်တန်းအရာရှိတွေနဲ့ တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရှိရပါတယ်။ အပြန်မှာ ယူနန်ပြည်နယ် ကူမင်းမြို့မှာ ခရီးတထောက်နားပြီး မြန်မာပြည်ကို ပြန်လည်ထွက်ခွာသွားတာ တွေ့ရှိရပါတယ်။

အဲဒီလို နအဖစစ်ခေါင်းဆောင်တွေ တရုတ်နိုင်ငံကို မကြာခဏ ခိုးကြောင်ခိုးဝှက် သွားရောက်တဲ့ကိစ္စတွေနဲ့ ပတ်သက်ပြီး မြန်မာနိုင်ငံဆိုင်ရာ တရုတ်စစ်သံမှူး ဗိုလ်မှူးကြီးဇော်ဝိတ် ခေါ် ရှန်ရှောင်ဝေကို မေးမြန်းတဲ့အခါ အကြောင်းရင်းကို သူ့အနေနဲ့ မသိရှိကြောင်း၊ နအဖ စစ်ဘက်ရေးရာလုံခြုံရေးတပ်ဖွဲ့က ဗိုလ်မှူးကြီး အောင်ရဲဝင်း ကိုသာ မေးမြန်းကြည့်ပါဆိုပြီး ပြန်လည်ဖြေကြားလေ့ရှိပါတယ်။

နအဖဟာ အဲဒီအချိန်ကစပြီး ရဲမွန်တပ်မြို့မှာ အကြမ်းဖက်နှိမ်နင်းရေးသင်တန်းတွေကို ဆက်တိုက် ဖွင့်လှစ်ပို့ချပေးခဲ့ပါတယ်။ ယုံကြည်စိတ်ချရပြီး တိုက်ပွဲတွေမှာထူးချွန်တဲ့ စစ်သည်တွေထဲက စစ်ဘက်ရေးရာလုံခြုံရေးသင်တန်းနဲ့ တန်ပြန်ထောက်လှမ်း ရေးသင်တန်းတွေကို တက်ရောက်အောင်မြင်ပြီးသူ၊ အရပ် ၅ပေ ၇လက်မ အထက်ရှိသူ၊ အသက် ၄၀နှစ်

အောက်ရှိသူ၊ အရာရှိအဆင့်အတွက် ဘွဲ့ရပြီးသူ၊ အခြားအဆင့်အတွက် ၁၀ တန်းအောင်ပြီးသူ၊ ကျန်းမာရေးကောင်းမွန်ပြီး ဆေးအဆင့်(က) ရှိသူ၊ စိတ်တည်ငြိမ်ပြီး ဆုံးဖြတ်ချက်ပြတ်သားသူ၊ လုပ်ငန်းလုပ်ကိုင်ရာမှာ ပိရိသေသပ်သူ၊ စွန့်လွှတ်စွန့်စားလို စိတ်ရှိသူ၊ တွေထဲက စီစစ်ရွေးချယ်ပြီး (၄)လကြာ သင်တန်းပေးခဲ့ပါတယ်။

ဒီသင်တန်းမှာ ကျည်ကာအင်္ကျီ၊ ခါတ်ငွေ့ကာ မျက်နှာဖုံးတွေအပါအဝင် ခေတ်မီတိုက်ပွဲဝင် ဝတ်စုံတွေ၊ ဆက်သွယ်ရေးစက်တွေနဲ့ ခေတ်မီလက်နက်တွေကို အသုံးပြုပြီး နေ့ရောညပါ ပြင်းပြင်းထန်ထန် လေ့ကျင့်ကြရတယ်လို့ ဆိုပါတယ်။ ဓါးစာခံတွေကို စွန့်စွန့်စားစား အသက်စွန့်ပြီး ဝင်ရောက်ကယ်တင်ရတဲ့ လေ့ကျင့်ခန်းတွေကိုလည်း ပြုလုပ်ခဲ့ကြရသလို၊ ကြည်း၊ ရေ၊ လေ တပ်ဖွဲ့တွေနဲ့လည်း ပူးပေါင်းလေ့ကျင့်မှုတွေကို ပြုလုပ်ကြရတယ်လို့ ဆိုပါတယ်။ အဲဒီသင်တန်းတွေထဲကမှ ထူးချွန်တဲ့ အကောင်းဆုံးသင်တန်းသားတွေကို ထပ်မံစီစစ်ရွေးချယ်ပြီး ကိုယ်ရံတော်အထူးတပ်ဖွဲ့အဖြစ် ခန့်အပ်တာဝန်ပေးခဲ့တာဖြစ်ကြောင်း သိရှိရပါတယ်။

နအဖရဲ့ ဝါဒဖြန့် ရုပ်မြင်သံကြားသတင်းတွေထဲမှာ မကြာခဏတွေ့ရလေ့ရှိတဲ့ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနဲ့ သူ့မိသားစုတွေရဲ့ တိုင်းခန်းလှည့်လည်ပွဲတွေအတွင်း အူဇီစက်သေနပ်တွေ တကိုင်ကိုင်နဲ့ ဟန်ရေးပြနေသူတွေဟာ တရုတ်က လေ့ကျင့်သင်တန်းပေးထားတဲ့ နအဖ အထူးကိုယ်ရံတော်တပ်သားတွေ ဖြစ်ပါတယ်။ ။

***End of report / Thursday, April 30, 2009***

ဒီမိုကရေစီနှင့်ဖွံ့ဖြိုးတိုးတက်ရေးအင်အားစု၊ သုတေသနနှင့် မှတ်တမ်းတင်ဌာနမှ ထုတ်ဝေဖြန့်ချိသည်။

***Documentation and Research Department (NDD)***